အဖွဲ့ဝင်
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

(ဏ) ဒေါ်ခင်ဥမ္မာအေး တွဲဖက်အတွင်းရေးမှူး
အထွေထွေမန်နေဂျာ
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

၂။ လုပ်ငန်းကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် ထိန်းကျောင်းမှုရှိသည့် နှုန်းရှင် ငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate Regime) ပြောင်းလဲမှုကြောင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့တွင် ဖြစ်ပေါ်ခဲ့သော ငွေကြေးလဲလှယ်မှု အမြတ်/အရှုံး (Unrealized Gain/Loss) တို့ကို နိုင်ငံတကာစာရင်းကိုင်စံများနှင့်အညီ ရှင်းလင်းနိုင်ရေးအတွက် သင့်လျော်သည့် နည်းလမ်းရွေးချယ်တင်ပြရန်၊

(ခ) နိုင်ငံပိုင်ဘဏ်များတွင် ထပ်မံပေါ်ပေါက်လာနိုင်သည့် ငွေကြေးလဲလှယ်မှု အမြတ်/အရှုံး (Unrealized Gain/Loss) တို့ကို နိုင်ငံတကာစာရင်းကိုင်စံများနှင့်အညီ စာရင်းရှင်းလင်းနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်နည်းလမ်းများကို အကြံပြုတင်ပြရန်၊

(ဂ) လုပ်ငန်းကော်မတီက ဆောင်ရွက်လိုသည့် နည်းလမ်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌတို့ပါဝင်သော အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရန်၊

(ဃ) အထက်အပိုဒ် (ဂ) ပါ အတည်ပြုချက်ရရှိပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြလမ်းညွှန်မှုခံယူ၍ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးရန်၊

(င) ၂၀၁၂ ခုနှစ်နောက်ပိုင်း နှစ်စဉ်ဆက်လက်ဖြစ်ပေါ်လျက်ရှိသည့် Unrealized Gain/Loss များနှင့် စပ်လျဉ်း၍ နိုင်ငံပိုင်ဘဏ်များတွင် ဆောင်ရွက်မည့် အစီအစဉ်များအား တင်ပြရန်။

၃။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ မေလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

အမှတ် ၁၆၃။ ဤဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၃) ဖြင့် ဖွဲ့စည်းခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၊ အဖွဲ့ဝင် တနင်္သာရီတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးနေလင်းစိုး **အစား** တနင်္သာရီတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်သိန်း ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

## (ဝန်ကြီးရုံး)

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

အမှတ် ၁၆၅။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၂၂) ၏ သဘောတူညီချက်အရ ဤဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆၀ ကို ရည်ညွှန်းလျက် ရုပ်သံကျွမ်းကျင် – ၁၊ လစာနှုန်း (၃၃၄,၀၀၀–၂,၀၀၀–၃၄၄,၀၀၀) ဒေါ်သွယ်သွယ်အောင် အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၁၀၊ နည်းဥပဒေခွဲ (င) (၄) အရ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှစ၍ မူလရာထူးဖြစ်သည့် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးသို့ ပြန်လည်ခန့်ထား လိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၈၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

**နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းအတွက် ပြည်ထောင်စုအဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သော **နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်** ဆိုသည့် မူဝါဒနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်၍ လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွင် တောင်သူများ၏စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန် ရည်ရွယ်၍ နှမ်းစပါးသီးနှံ ဧက ၈၅၀,၀၀၀ နှင့် ပဲတီစိမ်းသီးနှံ ဧက ၅၀၀,၀၀၀ စီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါစီမံကိန်းအား ကြီးကြပ်ရန် **နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နှမ်းစပါး စီမံကိန်းအတွက်ပြည်ထောင်စုအဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အတွင်းရေးမှူး |

(ဇ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၁)
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ဦးဆောင်ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး (၂)
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ **နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းအတွက် ပြည်ထောင်စုအဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နှမ်းစပါးနှင့် ဆောင်းပဲတီစိမ်းဇကများ ပြည့်မီရေး ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ခ) လုပ်ငန်းစီမံကိန်း၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ချေးငွေဆိုင်ရာဘဏ္ဍာငွေ စည်းမျဉ်း၊ စည်းကမ်းများ ကိုက်ညီမှု ရှိ မရှိ ကြီးကြပ်လမ်းညွှန်ရန်၊

(ဂ) ချေးငွေစာချုပ် အတည်ပြုချက်ရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့များ ရွေးချယ်ခြင်း၊ တောင်သူအစုအဖွဲ့/သမအသင်း ဖွဲ့စည်းခြင်းကို အတည်ပြုပေးရန်၊

(င) စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် လုပ်ငန်းကြီးကြပ်မှုကော်မတီများအား ကြီးကြပ်၍ လမ်းညွှန်မှုပေးရန်၊

(စ) သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ လိုအပ်သလို အစည်းအဝေးများ ခေါ်ယူဆွေးနွေးရန်၊

(ဆ) တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ဆောင်ရွက်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးရန်၊

(ဇ) လုပ်ငန်းအစုအဖွဲ့များအကြား အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ဆုံးဖြတ်ပေးရန်၊

(ဈ) တောင်သူများ၏ ယခင်နှစ်ကြွေးကျန်၏ (၂၅) ရာခိုင်နှုန်းတန်ဖိုးအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ စာရင်းရယူ၍ အတည်ပြုပေးရန်၊

(ည) သွင်းအားစု ဝယ်ယူရေးလုပ်ငန်းများတွင် ကြီးကြပ်ဆောင်ရွက်ရန်။

၃။ ကော်မတီသည် လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၈၈/၂၀၂၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၄-၁၂-၂၀၂၂) ရက်စွဲပါ စာအမှတ်၊ ၉/၁-၄/ (၁၂၆၆) (စမဆ) ဖြင့် ညှိနှိုင်းတင်ပြချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ (၂၇-၆-၂၀၂၂) ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၁/၂-၃ (၀၉၉၄)/ ၂၀၂၂ ပါ အတည်ပြုချက်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စိစစ်တင်ပြချက်တို့အရ

၂၀၂၂- ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ သရက်အုပ်ကျေးရွာအုပ်စု ကုလားကုန်း ကျေးရွာအား မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြို့မြေတိုင်းတာခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေ အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ** အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

လှမိုး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၂)

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးမှတ်တမ်းအမှတ်စဉ် (၁၄/၂၀၂၂) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ သူနာတင်ယာဉ် (၇) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကင်းလွတ်ခွင့်ပြုနိုင်ပါရန် လျှောက်ထား လာခြင်းနှင့်စပ်လျဉ်း၍ တင်သွင်းယာဉ်များသည် သူနာတင်ယာဉ်များဖြစ်ခြင်း၊ မြန်မာနိုင်ငံဒေသအနှံ့ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်း၊ အရေးပေါ်လိုအပ်သော အောက်စီဂျင်များရရှိရန် ရှာဖွေပို့ဆောင်ပေးခြင်းလုပ်ငန်းနှင့် သူနာတင်ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင် ရာတွင် အသုံးပြုရန်အတွက် လှူဒါန်းထားသော ယာဉ်များဖြစ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားခြင်း၊ ဌာနမှထုတ်ပြန်ထားသော မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦး မှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၂ အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံ MINZOKU FORUM မှ လှူဒါန်းသည့် အမျိုးအမည် TOYOTA VCH32၊ အမျိုးအစား AMBULANCE (4X2) R, 1998 Model, 4D-1098 သူနာတင်ယာဉ် (၁) စီး၊

( ခ ) အပြည်ပြည်ဆိုင်ရာလခြမ်းနီနှင့် အသင်းများဖက်ဒရေးရှင်း (IFRC) မှ မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ လှူဒါန်းသည့် အမျိုးအမည် TOYOTA HIACE၊ အမျိုးအစား AMBULANCE (4X2) L, 2021 Model, 3S–4436, 3S–4438, 3S–4439, 3S–4453, 3S–4454 နှင့် အမျိုးအမည် TOYOTA LANDCRUISER HZJ78L အမျိုးအစား AMBULANCE (4X4)L, 2021 Model, 3S–4452 သူနာတင်ယာဉ် (၆) စီး။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးမှတ်တမ်းအမှတ်စဉ် (၁၄/၂၀၂၂) ဆုံးဖြတ်ချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၂၀၂၀–၂၀၂၁ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှ တင်ဒါစနစ်ဖြင့် ဝယ်ယူခဲ့သည့် မော်တော်ယာဉ် (အချုပ်ယာဉ်) Foton Brand New (၄) စီး (3S–2901, 3S–2906, 3S–2908, 3S–3110) ကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ တင်သွင်းယာဉ်များသည် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဝယ်ယူထားသော ယာဉ်များဖြစ်ခြင်း၊ ဌာနမှ ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့်ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးမှတ်တမ်းအမှတ်စဉ် (၁၄/၂၀၂၂) ဆုံးဖြတ်ချက်အရ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အရေးပေါ်မီးငြိမ်းသတ်ရေးလုပ်ငန်းများ အသုံးပြုရန်အတွက် ၂၀၂၀–၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Foton DLQ5120GSSB5, အမျိုးအစား Bowser (Water) (4x2) L, 2021 Model, 3S–3481 ရေသယ်ယာဉ် (၁) စီးကို ကနဦးမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေး ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ တင်သွင်းယာဉ်သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း အရေးပေါ်မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက်ဝယ်ယူထားသောယာဉ်ဖြစ်ခြင်း၊ ဌာနမှ ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးမှတ်တမ်းအမှတ်စဉ် (၁၄/၂၀၂၂) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ရှာဖွေကယ်ဆယ်ရေးယာဉ် (၁) စီး၊ မီးသတ်ရေသယ်ယာဉ် (၄) စီးနှင့် မီးငြိမ်းသတ်ယာဉ် (၆) စီး စုစုပေါင်းယာဉ် (၁၁) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုနိုင်ပါရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အဆိုပါယာဉ်များသည် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူထားသော ယာဉ်များဖြစ်ခြင်း၊ တင်သွင်းယာဉ်များသည် မီးသတ်ယာဉ်များဖြစ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကုန်သွယ်လုပ်ငန်းခွန်နှင့် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားခြင်း၊ ဌာနမှထုတ်ပြန်ထားသော မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန် ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၂ အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်–

(က) ကချင်ပြည်နယ်မီးသတ်ဦးစီးဌာန၏ ၂၀၂၁–၂၀၂၂ ခု (၆) လ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကချင်ပြည်နယ်မီးသတ်ဦးစီးဌာနမှ အများပြည်သူများ၏ အကျိုးစီးပွားနှင့် အသက်ဘေးအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်ရည်ရွယ်ပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် Than Htet Aung Co., Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Sino Truck Howo CNHTC, အမျိုးအစား Fire Fighting Truck (6x4)L, 2022 Model, 3S–3119 ရှာဖွေကယ်ဆယ်ရေးယာဉ် (၁) စီး၊

(ခ) ကယားပြည်နယ်မီးသတ်ဦးစီးဌာန၏ ၂၀၂၀–၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်အစိုးရခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် အများပြည်သူများ၏ အကျိုးစီးပွားနှင့် အသက်ဘေးအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်ရည်ရွယ်ပြီး ကယားပြည်နယ်မီးသတ်ဦးစီးဌာန လက်အောက်ရှိ ဌာနများတွင် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် K Future Fire Safety & Security Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Sino Truck Howo ZZ1127G4715C1, အမျိုးအစား Fire Fighting Water Truck (4x2) L, 2021 Model, 2S–1604, 2S–1605 မီးသတ်ရေသယ်ယာဉ် (၂) စီး၊

(ဂ) တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၏ ၂၀၂၁–၂၀၂၂ ခု (၆ လ) ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Time less Myanmar Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် Sino Truck Howo L3W47, အမျိုးအစား Fire Water Truck (4x2) L, 2021 Model, 2S–7482 မီးသတ်ရေသယ်ယာဉ် (၁) စီး၊

(ဃ) ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် ဂျပန်နိုင်ငံ၊ အိုကာဆာကီမြို့နေ ကျောင်းအုပ်ဆရာကြီး Mr.Mastsun Kukihuko၊ Minzo ku Forum နှင့် Japan–Myanmar Association For Culture & Economic Exchange (JMACE) တို့မှလှူဒါန်းသည့် အမျိုးအမည် Nissan FGY60, အမျိုးအစား Fire Fighting Truck (4x2) R, Double Cab, 1991 Model, 4D–1091၊ အမျိုးအမည်

Toyota Dyna BU66, အမျိုးအစား Fire Fighting Truck (4x2) R, Double Cab, 1994 Model, 4D–1092၊ အမျိုးအမည် Isuzu FSR32FB, အမျိုးအစား Fire Fighting Truck (4x2) R, Double Cab, 1991 Model, 4D–1094၊ အမျိုးအမည်Toyota Toyoace YY61, အမျိုးအစား Fire Fighting Truck (4x2) R, 1994 Model, 4D–1095၊ အမျိုးအမည် Isuzu NKR71G, အမျိုးအစား Fire Fighting Truck (4x2) R, Double Cab, 1995 Model, 4D–1096၊ အမျိုးအမည် Isuzu NKR66E, အမျိုးအစား Fire Fighting Truck (4x2) R, Double Cab, 1993 Model, 4D–1097 မီးငြိမ်းသတ်ယာဉ် (၆) စီးနှင့် အမျိုးအမည် Hino FN2KP A6E, အမျိုးအစား Water bowser (6x2) R, 1990 Model, 3H–9555 မီးသတ်ရေသယ်ယာဉ် (၁) စီး။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၆၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅၀/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး (ပို့ဆောင်ရေး) မှ ဦးစီးမှူး၊ လစာနှုန်း (၂၃၄,၀၀၀–၂,၀၀၀–၂၄၄,၀၀၀) ဦးသူရိန်ထူး အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၆၈/၂၀၂၂)**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅၀/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ပခုက္ကူ) မှ ကြီးကြပ်ရေးမှူး၊ လစာနှုန်း (၂၃၄,၀၀၀–၂,၀၀၀–၂၄၄,၀၀၀) ဦးအောင်မျိုးကျော် အား လစ်လပ်လျက်ရှိသော လက်ထောက်မန်နေဂျာ (ပို့ဆောင်ရေး)၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၆၉/၂၀၂၂)**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု

ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅၀/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ကုန်းလမ်းပို့ဆောင်ရေး၊ ရုံးချုပ်မှ စာရင်းကိုင်-၁၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဒေါ်ခင်မိုးမိုး အား လစ်လပ်လျက်ရှိသော လက်ထောက်မန်နေဂျာ (စာရင်း)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၇၀/၂၀၂၂)

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅၀/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းလုံခြုံမှုစစ်ဆေးရေးဌာနခွဲမှ အောက်ဖော်ပြပါ ဦးစီးမှူး (စစ်/လုံ)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၉) ဦးတို့အား ယင်းဌာနတွင်လစ်လပ်လျက်ရှိသော နည်းပြအရာရှိ/ဦးစီးအရာရှိ (စစ်ဆေးရေး)/ဦးစီးအရာရှိ (လုံခြုံ/စစ်ဆေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဦးဝေဖြိုးပိုင် |
| (ခ) | ဒေါ်အေးအေးလွင် |
| (ဂ) | ဒေါ်စိုးစန္ဒီထွန်း |
| (ဃ) | ဒေါ်နှင်းဖြူလှိုင် |
| (င) | ဦးစောစီကိုထိုင်း |
| (စ) | ဒေါ်ထက်အိမ်ခြူး |
| (ဆ) | ဦးစစ်ရဲဝင်း |
| (ဇ) | ဦးရဲထက်အောင် |
| (ဈ) | ဦးအောင်မြတ်သူ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၇၁/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု

ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅၀/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကွန်ပျူတာဌာနခွဲမှ အောက်ဖော်ပြပါ ကွန်ပျူတာစီစဉ်ရေးမှူး/ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၃) ဦးတို့အား ယင်းဌာနတွင်လစ်လပ်လျက်ရှိသော လက်ထောက်မန်နေဂျာ (အချက်အလက်/စက်လည်ပတ်/ပရိုဂရမ်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | တိုးမြှင့်ခန့်ထားမည့် ရာထူး |
|---|---|---|
| (က) | ဒေါ်အိအိရွှေ | လက်ထောက်မန်နေဂျာ (စက်လည်ပတ်) |
| ( ခ ) | ဒေါ်ဆွေဇင်ထွန်း | လက်ထောက်မန်နေဂျာ (အချက်အလက်) |
| ( ဂ ) | ဒေါ်ခင်မိုးမိုး | လက်ထောက်မန်နေဂျာ (ပရိုဂရမ်) |

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၅၇၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅၉/၂၀၂၂ ဖြင့် ရာထူးတိုးမြှင့်ခဲ့သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း၊ အောက်ဖော်ပြပါ လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) (၁၇) ဦးတို့အား ယင်းလုပ်ငန်းရှိ ၎င်းတို့အမည်နှင့်ယှဉ်တွဲဖော်ပြပါနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ချထားလိုက်သည်-

| စဉ် | အမည် | ရာထူး | တာဝန်ချထားသည့်ဌာန |
|---|---|---|---|
| ၁။ | ဒေါ်ပိုင်းအိဝင်း | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ |
| ၂။ | ဦးသန်းမင်းထွန်း | လက်ထောက်အင်ဂျင်နီယာ(စက်/လျှပ်) | လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ |
| ၃။ | ဒေါ်အေးအေးစိုး | လက်ထောက်အင်ဂျင်နီယာ(စက်/လျှပ်) | လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ |

| စဉ် | အမည် | ရာထူး | တာဝန်ချထားသည့်ဌာန |
|---|---|---|---|
| ၄။ | ဦးဇော်မျိုးအောင် | လက်ထောက်အင်ဂျင်နီယာ(စက်/လျှပ်) | သထုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ |
| ၅။ | ဒေါ်စောမြတ်သန္တာ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ |
| ၆။ | ဒေါ်မေသူနှင်း | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | လှော်ကားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ |
| ၇။ | ဒေါ်ဝါဝါမွန် | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ |
| ၈။ | ဦးတေဇာလွင် | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | (ရုံးချုပ်) အပူစွမ်းအင်သုံး စက်ရုံများဌာန |
| ၉။ | ဦးအောင်သက်ပိုင်စိုး | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | (ရုံးချုပ်) အပူစွမ်းအင်သုံး စက်ရုံများဌာန |
| ၁၀။ | ဒေါ်ဆုမွန်မွန်ကျော် | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | (ရုံးချုပ်) အပူစွမ်းအင်သုံး စက်ရုံများဌာန |
| ၁၁။ | ဦးထက်ဇံရဲရင့် | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | ကျွန်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ |
| ၁၂။ | ဒေါ်မြသက်ချယ် | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | (ရုံးချုပ်) အပူစွမ်းအင်သုံး စက်ရုံများဌာန |
| ၁၃။ | ဦးချစ်ထွေးဇော် | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | သီလဝါသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ |
| ၁၄။ | ဒေါ်ထက်ထက်လွင် | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | သထုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ |
| ၁၅။ | ဦးလင်းသူရထွန်း | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | သထုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ |
| ၁၆။ | ဦးဦးဝင်းဆွေ | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | (ရုံးချုပ်) အပူစွမ်းအင်သုံး စက်ရုံများဌာန |
| ၁၇။ | ဦးမျိုးမြင့်အောင် | လက်ထောက်အင်ဂျင်နီယာ (စက်/လျှပ်) | သာကေတသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ |

သောင်းဟန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၁/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ဒု-ချုပ်ပြောင်း)/ ၂၀၂၂ (၈၈၄၄) အရ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ ဒုတိယပါမောက္ခချုပ်အဖြစ် ပြောင်းရွှေ့ ခန့်ထားခဲ့သော ဒေါက်တာ သဇင်လွင် သည် ၎င်း၏တာဝန်ဝတ္တရားများကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ နံနက်ပိုင်းတွင် စတင်ထမ်းဆောင်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇၅/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန အောက်ဖော်ပြပါ တက္ကသိုလ်များမှ ဒုတိယ ပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ တက္ကသိုလ် များသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူပြောင်းရွှေ့ခန့်ထား လိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါက်တာ မိမိကြီး | ဒုတိယပါမောက္ခချုပ် မကွေးတက္ကသိုလ် | ဒုတိယပါမောက္ခချုပ် ထားဝယ်တက္ကသိုလ် |
| ( ခ ) | ဒေါက်တာ နေသွယ်ကြည် | ဒုတိယပါမောက္ခချုပ် ထားဝယ်တက္ကသိုလ် | ဒုတိယပါမောက္ခချုပ် မကွေးတက္ကသိုလ် |
| ( ဂ ) | ဒေါက်တာ သီတာ | ဒုတိယပါမောက္ခချုပ် မြိတ်တက္ကသိုလ် | ဒုတိယပါမောက္ခချုပ် လှိုင်ကော်တက္ကသိုလ် |
| (ဃ) | ဒေါက်တာ ထွေးထွေးယဉ် | ဒုတိယပါမောက္ခချုပ် ပဲခူးတက္ကသိုလ် (ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ရာထူးကို ရယူ၍) | ဒုတိယပါမောက္ခချုပ် စစ်ကိုင်းတက္ကသိုလ် (ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ရာထူးကို ရယူ၍) |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈၁/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (တာဝန်ပေး)/၂၀၂၂ (၁၀၉၂၇) အရ မိတ္ထီလာစီးပွားရေးတက္ကသိုလ်သို့ ခေတ္တပါမောက္ခချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသော ဒေါက်တာ ဖြူဖြူအိ သည် ၎င်း၏တာဝန်ဝတ္တရားများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းတွင် စတင်ထမ်းဆောင်သည်။

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

အမှတ် ၂၄၈။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင်ကျင်းပသော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၆/၂၀၂၂) ၏ သဘောတူညီချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား ၎င်း၏အမည်နှင့် ယှဉ်တွဲဖော်ပြပါ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| ဦးတင့်လွင် (တဆ-၃၅၂၅)<br>ဒုတိယညွှန်ကြားရေးမှူး (ကုသရေး)<br>ကုသရေးဌာနခွဲ<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ရုံးချုပ်၊ နေပြည်တော် | ညွှန်ကြားရေးမှူး (ကုသရေး)<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ရုံးချုပ်၊ နေပြည်တော် |

မှတ်ချက်။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် အမိန့်စာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များလွှဲပြောင်း၊ လက်ခံရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

ဒေါက်တာ သက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန

[ **ယခင်အပတ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၂၂)၊ သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများမှ အဆက်** ]

၁၉။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးသည်-

(က) နည်းဥပဒေ ၂၄ နှင့် နည်းဥပဒေ ၂၇ အရ လျှောက်ထားချက်များကို စိစစ်ပြီး လိုအပ်ပါက မြို့နယ် လူမှုဝန်ထမ်းအရာရှိ၊ စေတနာ့လူမှုဝန်ထမ်းအရာရှိနှင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ကွင်းဆင်းစစ်ဆေးရမည်။

( ခ ) နည်းဥပဒေခွဲ (က) အရ လိုအပ်သော စိစစ်မှုနှင့် စစ်ဆေးမှုများပြုလုပ်၍ တည်ထောင်ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးရန် သင့် မသင့် သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက်တင်ပြရမည်။

၂၀။ လူမှုဝန်ထမ်းဦးစီးဌာနသည်-

(က) နည်းဥပဒေ ၂၄ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (ခ) အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးက တင်ပြသည့် သဘောထား မှတ်ချက်တို့ကိုစိစစ်ပြီး တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက တည်ထောင်ခွင့်ပြုမိန့် သက်တမ်းကို လျှောက်ထားသူ၏ ဆန္ဒအရ တစ်နှစ်ဖြစ်စေ၊ နှစ်နှစ်ဖြစ်စေ၊ သုံးနှစ်ဖြစ်စေ ခွင့်ပြုပြီး စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား တည်ထောင်ခွင့်ပြုမိန့်ကို ပုံစံ (၆) ဖြင့် ထုတ်ပေးရမည်။

( ဂ ) နည်းဥပဒေခွဲ (ခ) အရ တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးသည့်အခါ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီး ရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဌာနသည် စီးပွားရေးအလို့ငှာ တည်ထောင်ဖွင့်လှစ်ခြင်းဖြစ်ပါက ယင်းတည်ထောင်ဖွင့်လှစ်သူအား ယင်းလက်ခံသည့် ဘိုးဘွားဦးရေပေါ်မူတည်ပြီး ဝန်ကြီးဌာနက သတ်မှတ်သည့်နှုန်းထားအတိုင်း အခကြေးငွေကို မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေသို့ ပေးသွင်းစေရမည်။

၂၁။ လူမှုဝန်ထမ်းဦးစီးဌာနသည်-

(က) နည်းဥပဒေ ၂၇ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ (ခ) အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးက တင်ပြသည့် သဘောထားမှတ်ချက်တို့ကို စိစစ်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းကို လျှောက်ထားသူ၏ဆန္ဒအရ တစ်နှစ်ဖြစ်စေ၊ နှစ်နှစ်ဖြစ်စေ၊ သုံးနှစ်ဖြစ်စေ ခွင့်ပြုပြီး စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထား သူအား လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပုံစံ (၇) ဖြင့် ထုတ်ပေးရမည်။

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးသည့်အခါ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းသည် စီးပွားရေးအလို့ငှာ လုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်ပါက ယင်းလုပ်ငန်းတည်ထောင်သူအား ယင်းလက်ခံသည့် ဘိုးဘွားဦးရေပေါ်မူတည်ပြီး ဝန်ကြီးဌာနက သတ်မှတ်သည့်နှုန်းထားအတိုင်း အခကြေးငွေကို မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေသို့ ပေးသွင်းစေရမည်။

၃၂။ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန တည်ထောင်ဖွင့်လှစ်ခြင်းနှင့် သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်ခြင်းတို့သည် စီးပွားရေးအလို့ငှာမဟုတ်ဘဲ စေတနာ့ဝန်ထမ်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပါက နည်းဥပဒေ ၃၀ နည်းဥပဒေခွဲ (ဂ) နှင့် နည်းဥပဒေ ၃၁ နည်းဥပဒေခွဲ (ဂ) တို့တွင် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

၃၃။ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန တည်ထောင်ခွင့်ပြုမိန့် ရရှိသူသည် တည်ထောင်ခွင့်ပြုမိန့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ပုံစံ (၈) ဖြင့် လျှောက်ထားရမည်။

၃၄။ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ပုံစံ (၉) ဖြင့် လျှောက်ထားရမည်။

၃၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးသည် နည်းဥပဒေ ၃၃ နှင့် ၃၄ တို့အရ တည်ထောင်ခွင့်ပြုမိန့်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်များကို စိစစ်၍ လိုအပ်ပါက မြို့နယ် လူမှုဝန်ထမ်းအရာရှိ၊ စေတနာ့ လူမှုဝန်ထမ်းအရာရှိတို့နှင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး သဘောထားမှတ်ချက်နှင့်အတူ လူမှုဝန်ထမ်းဦးစီးဌာနသို့ ဆက်လက်တင်ပြရမည်။

၃၆။ လူမှုဝန်ထမ်းဦးစီးဌာနသည်-

(က) နည်းဥပဒေ ၃၅ အရ တင်ပြချက်ကိုစိစစ်ပြီး ခွင့်ပြုမိန့်နှင့် လုပ်ကိုင်ခွင့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ သက်တမ်းတိုးမြှင့်ရန်ခွင့်ပြုပါက ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာနအတွက် တည်ထောင်ခွင့်ပြုမိန့် ပုံစံ (၆) တွင် လည်းကောင်း၊ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် ပုံစံ (၇) တွင် လည်းကောင်း သက်တမ်းတိုးမြှင့်ပေးရမည်။ ထိုသို့ သက်တမ်းတိုးမြှင့်ပေးရာတွင် စေတနာ့ဝန်ထမ်း မဟုတ်သည့် စီးပွားရေးလုပ်ငန်းဖြစ်ပါက လျှောက်ထားသူအား သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းစေရမည်။

၃၇။ လူမှုဝန်ထမ်းဦးစီးဌာနသည်-

(က) တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးထားသော ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာနများကိုလည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့် ထုတ်ပေးထားသော သက်ကြီးရွယ်အိုကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း သတ်မှတ်ထားသော စည်းကမ်းချက်များကိုလိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။

( ခ ) နည်းဥပဒေခွဲ (က) ပါ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ကိုဆောင်ရွက်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူး၊ ခရိုင်လူမှုဝန်ထမ်းအရာရှိ သို့မဟုတ် မြို့နယ်လူမှုဝန်ထမ်းအရာရှိကို တာဝန်ပေးအပ်နိုင်သည်။

၃၈။ နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ (ခ) အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာနများကိုလည်းကောင်း၊ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း ကိုယ်တိုင်သွားရောက်၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီ မညီစစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်။

( ခ ) သက်ဆိုင်ရာ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီ ဖွဲ့စည်းဆောင်ရွက်မှုကို ကြည့်ရှုလေ့လာပြီးလိုအပ်သော အချက်အလက်များကို ဘိုးဘွားရိပ်သာ တာဝန်ခံပုဂ္ဂိုလ်အား အကြံပြုရမည်။

( ဂ ) သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန တာဝန်ခံပုဂ္ဂိုလ်၏ ဆောင်ရွက်မှုကို ကြည့်ရှုလေ့လာပြီးလိုအပ်သော အချက်အလက်များကို ယင်းတာဝန်ခံပုဂ္ဂိုလ်အား အကြံပြုရမည်။

၃၉။ ဘိုးဘွားရိပ်သာ တာဝန်ခံပုဂ္ဂိုလ်သည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ် အနည်းဆုံးငါးဦးဖြင့် ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်-

(က) မြန်မာနိုင်ငံသားဖြစ်သူ၊

( ခ ) အသက် ၂၅ နှစ်ထက်မငယ်၊ အသက် ၆၅ နှစ်ထက်မကြီးသူ၊

( ဂ ) သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှု ပေးလိုစိတ်ရှိသူ၊

(ဃ) အကျင့်စာရိတ္တ ကောင်းမွန်သူ၊

( င ) ကျန်းမာသန်စွမ်းသူ၊

( စ ) ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို စောင့်ရှောက်ရေးနယ်ပယ်တွင် အတွေ့အကြုံရှိသူ။

၄၀။ ဘိုးဘွားရိပ်သာ တာဝန်ခံပုဂ္ဂိုလ်သည်-

(က) နည်းဥပဒေ ၃၉ အရ ရွေးချယ်ဖွဲ့စည်းထားသည့် ဘိုးဘွားရိပ်သာကြီးကြပ်မှု ကော်မတီဝင်များနှင့်ညှိနှိုင်းပြီး ကော်မတီဝင်များထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို ရွေးချယ်တာဝန်ပေးရမည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ရွေးချယ်တာဝန်ပေးရာတွင် လုပ်ငန်းအရလိုအပ်ပါက ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူးနှင့် တွဲဖက်စာရင်းစစ်တို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

( ဂ ) လစ်လပ်သွားသော ဘိုးဘွားရိပ်သာကြီးကြပ်မှု ကော်မတီဝင်နေရာတွင် နည်းဥပဒေ ၃၉ ပါ အရည်အချင်းများနှင့် ပြည့်စုံသူကို အစားထိုးရွေးချယ် တာဝန်ပေးနိုင်သည်။

၄၁။ ဘိုးဘွားရိပ်သာ သို့မဟုတ် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာန တာဝန်ခံပုဂ္ဂိုလ်သည်–

(က) ဘိုးဘွားများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များနှင့် စည်းကမ်းချက်များကို သတ်မှတ်ထားရှိပြီး အများပြည်သူသိရှိရန် ဆောင်ရွက်ရမည်။

( ခ ) အိုမင်းမစွမ်းသူများနှင့် စရိတ်ထောက်ပံ့မှုလိုအပ်သော ဘိုးဘွားများကို ဦးစားပေး၍ လက်ခံရမည်။

( ဂ ) ဘိုးဘွားများကို အနီးကပ် ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှု၊ နေ့စဉ်ကျွေးမွေးစောင့်ရှောက်မှုတို့ပေးရန် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့ဖွဲ့စည်း၍ ဖြစ်စေ တာဝန်ခွဲဝေပေးရမည်။

(ဃ) လိုအပ်သောဝန်ထမ်းများကို မိမိတို့၏ ရန်ပုံငွေ အခြေအနေအရ ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်တာဝန်ပေးနိုင်သည်။

( င ) ဘိုးဘွားများကို ကြည့်ရှုစောင့်ရှောက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအားအနည်းဆုံး လေးလလျှင်တစ်ကြိမ် လူမှုဝန်ထမ်းဦးစီးဌာနသို့ အစီရင်ခံရမည်။ ယင်းအစီရင်ခံစာ မိတ္တူကိုသက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူး၊ ခရိုင် လူမှုဝန်ထမ်းအရာရှိနှင့်မြို့နယ် လူမှုဝန်ထမ်းအရာရှိတို့ထံ ပေးပို့ရမည်။

၄၂။ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီ သို့မဟုတ် သက်ကြီးရွယ်အိုနေ့ပိုင်းစောင့်ရှောက်ရေးဌာနသည် ဘိုးဘွားများကို ကြည့်ရှုစောင့်ရှောက်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်–

(က) အဆောင်တွင် နေရာချထားခြင်း၊

( ခ ) ကျွေးမွေးပြုစုခြင်း၊

( ဂ ) ကျန်းမာရေးစောင့်ရှောက်ခြင်း၊

(ဃ) ဘာသာရေးနှင့် ကုသိုလ်ရေး ဆောင်ရွက်ခြင်း၊

( င ) အပန်းဖြေ နားနေခြင်း၊

( စ ) လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ပေးသော အခြားလုပ်ငန်းများ။

## အခန်း (၅)
## သက်ကြီးရွယ်အိုများအတွက် ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့သက်သာခွင့်များ

၄၃။ သက်ကြီးရွယ်အိုသည် နည်းဥပဒေ ၄၄ ပါ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုများရယူရာတွင် သက်ကြီးရွယ်အိုသက်သေခံကတ်ပြား (ပုံစံ–၃) ပါ ဖော်ပြချက်များအရ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီက သတ်မှတ်သည့် ရာခိုင်နှုန်းလျှော့ပေါ့ သက်သာခွင့်ကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။

၄၄။ သက်ကြီးရွယ်အိုသည် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုများရယူရာတွင် သက်ကြီးရွယ်အို သက်သေခံကတ်ပြား(ပုံစံ-၃)ပါ ဖော်ပြချက်များအရ ဝန်ဆောင်မှုနှင့် ပစ္စည်း၏ အမှန်တကယ် တန်ဖိုး သို့မဟုတ် အခကြေးငွေ၏ ရာခိုင်နှုန်း လျှော့ပေါ့ သက်သာခွင့်ကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်-

(က) သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးဝန်ကြီးဌာနက မရှိမဖြစ် လိုအပ်သည်ဟု သတ်မှတ်ထားသော ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများကို နိုင်ငံတော်အစိုးရ ဌာန၊ ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင်များမှ ဝယ်ယူခြင်း၊

( ခ ) သက်ကြီးရွယ်အိုများအတွက် ဝန်ကြီးဌာနက မရှိမဖြစ် လိုအပ်သည်ဟု သတ်မှတ်ထားသည့် ပစ္စည်းများကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ ဝယ်ယူခြင်း၊

( ဂ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဖြစ်စေ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ဖက်စပ် သို့မဟုတ် အကျိုးတူဖြစ်စေ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်နေသည့် ကုန်းလမ်းနှင့် ရေလမ်း ပို့ဆောင်ရေးအခ၊ ဘတ်စ်ကားခနှင့် ရထားခ၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာတို့တွင် တည်းခိုခ၊

( င ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင် ရုပ်ရှင်၊ ဇာတ်သဘင်၊ အငြိမ့်၊ သီဆိုပွဲ၊ ပြဇာတ်၊ ပန်းချီ၊ ပန်းပု စသည့် အနုပညာ ဖျော်ဖြေပွဲ၊ ပြပွဲများ၏ ဝင်ကြေးများ။

၄၅။ သက်ကြီးရွယ်အို သက်သေခံကတ်ပြားကို ကိုင်ဆောင်သည့် သက်ကြီးရွယ်အိုသည်-

(က) ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဆေးရုံ၊ ဆေးခန်းနှင့် ခွဲစိတ်ခန်းတို့၌ ဆေးကုသမှုခံယူရာတွင် စမ်းသပ်ဆွေးနွေးခ၊ ရောဂါရှာဖွေခနှင့် ခွဲစိတ်စမ်းသပ်ခ၊ အသုံးပြုသည့် ဆေးဝါးနှင့် ဆေးပစ္စည်း ကိရိယာများအတွက် ကုန်ကျစရိတ်တို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့် အတိုင်း လျှော့ပေါ့သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ရှိသည်။

( ခ ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတို့က ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း သင်တန်းကြေး ကင်းလွတ်ခွင့်ရှိသည်။

( ဂ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဖွင့်လှစ်ထားသည့် အများပြည်သူ အပန်းဖြေနေရာ၊ ကစားကွင်း၊ ပန်းခြံ၊ ပြတိုက်နှင့် စာကြည့်တိုက်တို့တွင် ဝင်ခွင့်ကင်းလွတ်ခွင့်ရှိသည်။

(ဃ) မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီက သတ်မှတ်သည့် အခြားကင်းလွတ်ခွင့်နှင့် လျှော့ပေါ့သက်သာခွင့်များ ခံစားခွင့်ရှိသည်။

၄၆။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် အောက်ဖော်ပြပါ ပုဂ္ဂလိက လုပ်ငန်းများမှ အခကြေးငွေများနှင့် ဝန်ဆောင်ခများနှင့်စပ်လျဉ်း၍ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီး သက်ကြီးရွယ်အို သက်သေခံကတ်ပြား ကိုင်ဆောင်သည့် သက်ကြီးရွယ်အို များအား ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ သက်သာခွင့်ကို ရာခိုင်နှုန်းအလိုက် ခံစားခွင့်ပြုနိုင်သည်-

(က) ဆေးကုသမှုခံယူရာတွင် စမ်းသပ်ဆွေးနွေးခ၊ ရောဂါရှာဖွေခ၊ ခွဲစိတ်စမ်းသပ်ခ အပါအဝင် အထွေထွေ ဆေးကုသစရိတ်၊

(ခ) သက်ကြီးရွယ်အိုများအတွက် ဝန်ကြီးဌာနက မရှိမဖြစ် လိုအပ်သည်ဟု သတ်မှတ်ထားသည့်ပစ္စည်းများ ဝယ်ယူခြင်း၊

(ဂ) ကုန်းလမ်းနှင့် ရေလမ်းပို့ဆောင်ရေးအခ၊ ဘတ်စ်ကားခနှင့် ရထားခ၊

(ဃ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာတို့တွင် တည်းခိုခ၊

(င) ရုပ်ရှင်၊ ဇာတ်သဘင်၊ အငြိမ့်၊ သီဆိုပွဲ၊ ပြဇာတ်၊ ပန်းချီ၊ ပန်းပု စသည့် အနုပညာ ဖျော်ဖြေပွဲ၊ ပြပွဲများ၏ ဝင်ကြေးများ၊

(စ) အများပြည်သူ အပန်းဖြေနေရာ၊ ကစားကွင်း၊ ပန်းခြံနှင့် ပြတိုက် ဝင်ကြေးများ၊

(ဆ) အခြားသတ်မှတ်သည့် အခကြေးငွေနှင့် ဝန်ဆောင်ခများ။

## အခန်း (၆)

## သက်ကြီးရွယ်အိုများအား ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် ယေဘုယျ တာဝန်များ

၄၇။ အိမ်အခြေပြု၊ ရပ်ရွာအခြေပြုစောင့်ရှောက်မှု အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများသည်-

(က) ရပ်ရွာအတွင်းရှိ သက်ကြီးရွယ်အိုများ၊ အထူးသဖြင့် အိုမင်းမစွမ်းသူများနှင့် စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွားများအား အိမ်အခြေပြု၊ ရပ်ရွာအခြေပြု စောင့်ရှောက်မှုပေးရေးအတွက် ဥပဒေပုဒ်မ ၂၂ ပါ ယေဘုယျ တာဝန်ဝတ္တရားများကို တတ်စွမ်းနိုင်သမျှ စီစဉ်ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်ရှိသည့်အခါဖြစ်စေ၊ နိုင်ငံတော်ကထောက်ပံ့ရန် လိုအပ်လာသည့်အခါဖြစ်စေ ဒေသဆိုင်ရာကော်မတီမှတစ်ဆင့် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသို့ လိုအပ်သော အကူအညီများ တင်ပြတောင်းခံနိုင်သည်။

၄၈။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည်-

(က) နည်းဥပဒေ ၄၇ (ခ) အရ တင်ပြတောင်းခံသည့်အခါ ဖြစ်စေ၊ ဥပဒေ ပုဒ်မ ၂၃ ပါ သက်ကြီးရွယ်အိုများ၏ အခွင့်အရေး ပြည့်ဝစွာရရှိနိုင်ရေးအတွက် နိုင်ငံတော်၏ တာဝန်အရဖြစ်စေ သက်ကြီးရွယ်အိုများအတွက် ကြည့်ရှုစောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှုပြုနိုင်ရန် လုပ်ငန်းအစီအစဉ်များချမှတ်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရမည်။

(ခ) အိုးမဲ့အိမ်မဲ့၊ အခြေအနေမဲ့ ဖြစ်နေသော သက်ကြီးရွယ်အိုများကို စရိတ်ထောက်ပံ့မှုနှင့် ကြည့်ရှု စောင့်ရှောက်မှုတို့အတွက် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ရန်ပုံငွေမှ လိုအပ်သောစရိတ် ထောက်ပံ့ကြေးကို ထုတ်ပေးနိုင်ရန် လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။ လိုအပ်ပါက ယင်းသက်ကြီးရွယ်အိုကို ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း များက တည်ထောင်ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာသို့ ပို့ဆောင်ရေးအတွက် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (က) နှင့် (ခ) တို့ပါ လုပ်ငန်းအစီအစဉ်များအား ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၊ ဒေသဆိုင်ရာကော်မတီများ၊ ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ကို တာဝန်ပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ခြင်း ပြုရမည်။

၄၉။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ ကော်မတီများ၊ ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့သည်-

(က) နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ချမှတ်သော လုပ်ငန်းအစီအစဉ်အတိုင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ပူးပေါင်းဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသို့ အစီရင်ခံ တင်ပြရမည်။

## အခန်း (၇)

## ဝင်ငွေပုံမှန်ရရှိရေး

၅၀။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီသည်-

(က) အလုပ်လုပ်ကိုင်နိုင်စွမ်းရှိပြီး မိမိတို့၏ ကာယ၊ ဉာဏနှင့် ကျွမ်းကျင်မှုအလိုက် အလုပ်လုပ်ကိုင်လိုစိတ် ရှိသော သက်ကြီးရွယ်အိုများအား အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ သင့်လျော်သော အလုပ်အကိုင် ရှာဖွေပေးနိုင်ရေးအတွက် အဓိကအားဖြင့် အလုပ်သမားဝန်ကြီးဌာနနှင့်လည်းကောင်း၊ အခြား သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသော သက်ကြီးရွယ်အိုများအား သတင်းအချက်အလက်နှင့် နည်းပညာများ၊ ငွေကြေး အကူအညီများ၊ ချေးငွေများနှင့် ကျွမ်းကျင် လုပ်သားများရရှိရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဗဟိုကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) သက်ကြီးရွယ်အိုများအား အလုပ်အကိုင် အခွင့်အလမ်းများပေးသည့် ရာခိုင်နှုန်းအလိုက် အလုပ်ရှင်များကို သင့်လျော်သော အခွန်အခများ လျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၅၁။ လူမှုဝန်ထမ်းဦးစီးဌာနသည် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏ လမ်းညွှန်ချက် နှင့်အညီ-

(က) သက်ကြီးရွယ်အိုများအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အလို့ငှာ အသက်မွေးဝမ်းကျောင်း ပညာနှင့် ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်ပြီး အခမဲ့လေ့ကျင့်သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ရမည်။

( ခ ) သက်ကြီးရွယ်အိုများအတွက် ပုဂ္ဂလိက အသက်မွေးဝမ်းကျောင်းနှင့် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားရန် လိုအပ်သော အကူအညီများပေးပြီး အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်သည်။

( ဂ ) သက်ကြီးရွယ်အိုများ အလုပ်အကိုင် ရရှိရေးအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ပေးရမည်။

၅၂။ အလုပ်လုပ်ကိုင်နိုင်စွမ်းရှိပြီး မိမိတို့၏ ကာယ၊ ဉာဏနှင့် ကျွမ်းကျင်မှုအလိုက် အလုပ်လုပ်ကိုင်လိုစိတ်ရှိသော သက်ကြီးရွယ်အိုများသည်-

(က) သက်ဆိုင်ရာ မြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးတွင် အလုပ်အကိုင်ရှာဖွေသူအဖြစ် မှတ်ပုံတင်ထားရှိရမည်။

( ခ ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူကို သက်ဆိုင်ရာ မြို့နယ် လူမှုဝန်ထမ်းအရာရှိထံ ပေးပို့ရမည်။

( ဂ ) အလုပ်ရှင်၏ အလုပ်အကိုင် ဖိတ်ခေါ်ချက်အရ အလုပ်အကိုင်တစ်ခုခုရရှိလျှင် ဖြစ်စေ၊ မရရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ မြို့နယ်လူမှုဝန်ထမ်းအရာရှိထံ အကြောင်းကြားရမည်။

## အခန်း (၈)

## လူမှုရေးအသင်းအဖွဲ့များအား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း

၅၃။ သက်ကြီးရွယ်အိုများ ထောက်ပံ့ကူညီရေးဆိုင်ရာ အသင်းအဖွဲ့တစ်ခုခုသည် ဥပဒေအရ အသိအမှတ်ပြု လက်မှတ်ရယူလိုလျှင်-

(က) အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့တွင် ဦးစွာ မှတ်ပုံတင်ရမည်။

( ခ ) သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိပါက ယင်းမှတ်ပုံတင် လက်မှတ်မိတ္တူနှင့် အသင်းအဖွဲ့၏ ဖွဲ့စည်းပုံစည်းမျဉ်းမိတ္တူတို့ကိုပူးတွဲ၍ လူမှုဝန်ထမ်းဦးစီးဌာနသို့ ပုံစံ (၁၀) ဖြင့် လျှောက်ထားရမည်။

၅၄။ လူမှုဝန်ထမ်းဦးစီးဌာနသည်-

(က) နည်းဥပဒေ ၅၃၊ နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားချက်ကိုစိစစ်ပြီး အသိအမှတ်ပြု လက်မှတ် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) နည်းဥပဒေခွဲ (က) အရ ခွင့်ပြုပါက လျှောက်ထားသူအား စည်းကမ်းချက်များ ဖော်ပြထားသည့် အသိအမှတ်ပြု လက်မှတ် (ပုံစံ-၁၁) ကို ထုတ်ပေးရမည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကရင်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

**ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေသည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်) နေ့တွင် ကရင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂ အရ စတင်အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

စောမြင့်ဦး

ပြည်နယ်ဝန်ကြီးချုပ်

ကရင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၂)**

ရန်ကုန်မြို့၊ ၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းဌာနတွင် ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အစမ်းတိုးမြှင့်ခန့်ထားခဲ့သော ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဒေါ်တင်တင်ကြည် (မစ-၀၅၇၆) အား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပသောကော်မတီဝင်များ အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (က/၂၃) အရ အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှစ၍ ယင်းရာထူးတွင် အတည်ပြုခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၂)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေးဌာနတွင် ဆရာဝန် (မြို့နယ်ကျန်းမာရေးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ခန့်ထားခဲ့သော ဒေါက်တာဖြိုးသီဟ (မစ-၂၀၅၄) အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဗိုလ်ဋ္ဌေး

ဥက္ကဋ္ဌ (မြို့တော်ဝန်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက် (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

အမှတ် ၁၇၈/၂၀၂၂။ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၊ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၉) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| (၁) | ဒေါ်သိမ့်နန္ဒာအောင် | ကြည်း ၇၉၂၈ |
| (၂) | ဒေါ်စိုးသော်တာလင်း | ကြည်း ၇၉၂၉ |
| (၃) | ဒေါ်ဝင်းဝင်းလွင် | ကြည်း ၇၉၃၀ |
| (၄) | ဒေါ်မေသူဇာအောင် | ကြည်း ၇၉၃၁ |
| (၅) | ဒေါ်ခိုင်ဟေမာန်ဦး | ကြည်း ၇၉၃၂ |
| (၆) | ဒေါ်မေသူဇာထွေး | ကြည်း ၇၉၃၃ |
| (၇) | ဒေါ်အေးသူဇာကျော် | ကြည်း ၇၉၃၄ |
| (၈) | ဒေါ်တိမ်လွှာမင်းစိုး | ကြည်း ၇၉၃၅ |
| (၉) | ဒေါ်သဉ္ဇာကျော် | ကြည်း ၇၉၃၆ |
| (၁၀) | ဒေါ်ဖြူဖြူသွယ် | ကြည်း ၇၉၃၇ |
| (၁၁) | ဒေါ်ဇူးနဒီထွဋ် | ကြည်း ၇၉၃၈ |

| | | |
|---|---|---|
| (၁၂) | ဒေါ်ဇင်မာဖြိုး | ကြည်း ၇၉၂၃၉ |
| (၁၃) | ဒေါ်သီရိထက်စံ | ကြည်း ၇၉၂၄၀ |
| (၁၄) | ဒေါ်သဲနုဇာ | ကြည်း ၇၉၂၄၁ |
| (၁၅) | ဒေါ်ဖြူနှင်းဝေ | ကြည်း ၇၉၂၄၂ |
| (၁၆) | ဒေါ်လမင်းသော်တာ | ကြည်း ၇၉၂၄၃ |
| (၁၇) | ဒေါ်မိုးအိန္ဒြာမင်းထက် | ကြည်း ၇၉၂၄၄ |
| (၁၈) | ဒေါ်အင်ကြင်းခိုင် | ကြည်း ၇၉၂၄၅ |
| (၁၉) | ဒေါ်အင်ကြင်း | ကြည်း ၇၉၂၄၆ |
| (၂၀) | ဒေါ်ဆုရည်ကျော် | ကြည်း ၇၉၂၄၇ |
| (၂၁) | ဒေါ်သက်မှူးနွယ် | ကြည်း ၇၉၂၄၈ |
| (၂၂) | ဒေါ်ရွှေရည်သင်း | ကြည်း ၇၉၂၄၉ |
| (၂၃) | ဒေါ်ဆုလဲ့နန္ဒာ | ကြည်း ၇၉၂၅၀ |
| (၂၄) | ဒေါ်ကေဇင်မြင့်မိုရ် | ကြည်း ၇၉၂၅၁ |
| (၂၅) | ဒေါ်သက်ရွှေစင်လင်း | ကြည်း ၇၉၂၅၂ |
| (၂၆) | ဒေါ်ဖြိုးသန္တာဝင်း | ကြည်း ၇၉၂၅၃ |
| (၂၇) | ဒေါ်အိဇာဇာဝင်း | ကြည်း ၇၉၂၅၄ |
| (၂၈) | ဒေါ်ဇင်မာထွန်း | ကြည်း ၇၉၂၅၅ |
| (၂၉) | ဒေါ်ဆုမွန်အောင် | ကြည်း ၇၉၂၅၆ |
| (၃၀) | ဒေါ်ငြိမ်းငြိမ်းအေး | ကြည်း ၇၉၂၅၇ |
| (၃၁) | ဒေါ်ခင်ဝင်းအေး | ကြည်း ၇၉၂၅၈ |
| (၃၂) | ဒေါ်ဆုမွန်သော် | ကြည်း ၇၉၂၅၉ |
| (၃၃) | ဒေါ်မေမွန်ဦး | ကြည်း ၇၉၂၆၀ |
| (၃၄) | ဒေါ်ရွှေရည်သွေး | ကြည်း ၇၉၂၆၁ |
| (၃၅) | ဒေါ်နန္ဒာငွေမိုး | ကြည်း ၇၉၂၆၂ |
| (၃၆) | ဒေါ်နှင်းနုနုရှိန် | ကြည်း ၇၉၂၆၃ |
| (၃၇) | ဒေါ်ချြူးမြတ်နိုင် | ကြည်း ၇၉၂၆၄ |
| (၃၈) | ဒေါ်ထက်ထက်ဇော် | ကြည်း ၇၉၂၆၅ |
| (၃၉) | ဒေါ်ဆုမြတ်ထက် | ကြည်း ၇၉၂၆၆ |
| (၄၀) | ဒေါ်ရတနာမိုး | ကြည်း ၇၉၂၆၇ |
| (၄၁) | ဒေါ်ခင်သန္တာကျော် | ကြည်း ၇၉၂၆၈ |
| (၄၂) | ဒေါ်ဝေဟင်မြင့်လွင် | ကြည်း ၇၉၂၆၉ |

(၄၃) ဒေါ်ငြိမ်းသီရိဇော် ကြည်း ၇၉၂၇၀

(၄၄) ဒေါ်ခင်ဖြူစင်အေး ကြည်း ၇၉၂၇၁

